## "လက်ရှိ နိုင်ငံရေး၊ စစ်ရေးနှင့်ပတ်သက်သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ၏ သဘောထားထုတ်ပြန်ကြေညာချက်"

သဘောထားထုတ်ပြန်ချက်အမှတ် (၇/၂၀၁၅)
၂၇ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်

လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေးနှင့်ပတ်သက်သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A ၏ ရပ်တည်ချက်သဘောထားကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်ပါသည်။

၁။ မိမိတို့ တအာင်းဒေသအတွင်းသို့ မြန်မာအစိုးရတပ်များ ပိုမိုထိုးစစ်ဆင်လာသဖြင့် တိုက်ပွဲထိတွေ့မှုများ ပိုမိုများပြားလျက်ရှိနေပါသည်။ NCA တစ်နိုင်ငံလုံးအပစ်ရပ်ရေးစာချုပ်တွင် အားလုံးပါဝင်နိုင်မှုကိုသဘောမတူခြင်းနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် စစ်ရေးတင်းမာမှုကိုအကြောင်းပြကာ မသမာသည့်နည်းလမ်းဖြင့်အနိုင်ယူရန်အတွက် မြန်မာအစိုးရမှ ထိုးစစ်များ ပြုလုပ်နေသည်ဟု ရှုမြင်ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ ဒေသခံပြည်သူလူထုများ လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် ယခုချိန်မှစတင်ပြီး ရွေးကောက်ပွဲကျင်းပပြီးစီးသည်အထိ မိမိတို့ တအာင်းတပ်မတော်အနေဖြင့် မိမိကိုယ်ကို ခုခံကာကွယ်သည့်စစ်မှအပ ထိပ်တိုက်ထိတွေ့မှုကို အတတ်နိုင်ဆုံး ရှောင်ရှားကာ တိုက်ပွဲများလျှော့ချသွားမည်ဖြစ်သည်။

၂။ PSLF/TNLA သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝလက်မခံနိုင်သဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုလည်း မထောက်ခံနိုင်ပါ။ သို့သော် မိမိတို့စိုးမိုးထားသည့်တအာင်းဒေသတွင် ရွေးကောက်ပွဲကို လွတ်လပ်မျှတစွာ ကျင်းပနိုင်ပြီး၊ ထိုရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့်နိုင်ငံရေးပါတီများအား ထောက်ခံခြင်း မပြုသကဲ့သို့ နှောင့်ယှက်ဖျက်ဆီးခြင်းလည်း ပြုလုပ်မည်မဟုတ်ပါ။ တအာင်းဒေသတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်စွာဟောပြောစည်းရုံးခြင်းပြုနိုင်သော်လည်း မိမိတို့ဒေသတွင်းရှိ လူမျိုးတစ်မျိုးနှင့် တစ်မျိုးပဋိပက္ခဖြစ်ပွားစေမည့်ဟောပြောမှုနှင့် မိမိတို့တအာင်း (ပလောင်) လူမျိုးအား နှိမ့်ချပုတ်ခတ်စော်ကားသည့် ဟောပြောမှုမျိုးကို လက်ခံမည် မဟုတ်ပါ။

၃။ မြန်မာအစိုးရနှင့် မြန်မာစစ်ခေါင်းဆောင်များသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီးနောက် စစ်မှန်သည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် အမှန်တကယ်ဆန္ဒမရှိသဖြင့် NCA စာချုပ်တွင် ပါဝင်လက်မှတ်ထိုးမည့် EAOs အဖွဲ့အားလုံး၏ပါဝင်မှုကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ကန့်သတ်နေခြင်းဖြစ်သည်။ PSLF/TNLA အနေဖြင့် ဆွေးနွေးညှိနှိုင်း၍ ရရှိလာသော NCA တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ထောက်ခံပြီး EAOs အဖွဲ့အစည်းအားလုံးနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းသွားပါမည်။ သို့သော် လက်ရှိတိုက်ပွဲဖြစ်ပွားနေသော ဘဝတူတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအချို့ကို ချန်လှပ်ပြီး NCA စာချုပ်အား လက်မှတ်ရေးထိုးခြင်း ပြုလုပ်မည် မဟုတ်ပါကြောင်း PSLF/TNLA သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**

**ဆက်သွယ်ရန်** - **သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA (၉၅) ၀၉ ၄၉၃၁ ၄၉၅၁၊ (၈၆) ၁၅၃ ၈၈၈၂ ၀၃၂၈**